# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 21 , 2022 | Volume 61, Number 15

၂၁.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၈၀၀၀ |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၁.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၀.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်း (ACSP) တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး



https://myantrade.gov.mm/article/brazil

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်း (ACSP) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ၁၂-၁၂-၂၀၂၂ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့ရာ ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်းနှင့် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး၊ ဘရာဇီးလျားမြို့မှ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်ခဲ့ပါသည်။

UMFCCI ဒုတိယဥက္ကဌမှ UMFCCI အနေဖြင့် ပြည်ပနိုင်ငံများမှ စီးပွားရေးအသင်းအဖွဲ့များနှင့် နားလည်မှုစာချွန်လွှာ (၁၆၄) ခုကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ယခုနားလည်မှုစာချွန်လွှာသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် မြန်မာနိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်တိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ဘရာဇီးလ်နိုင်ငံသို့ မကြာမီအချိန်တွင်စေလွှတ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းနောက် ACSP ဥက္ကဌမှ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆော်ပိုလိုမြို့သည် ဘရားဇီးလ်နိုင်ငံအတွက်သာမက တောင်အမေရိကတိုက်တွင် အကြီးဆုံးစီးပွားရေးမြို့တော်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာရှိကြောင်းဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

Source: https://myantrade.gov.mm/article/brazil

## မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ယခုဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံရရှိရန် လျာထားဆောင်ရွက်နေ

မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံ ရရှိရန် လျာထားဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

ကုန်သွယ်မှုလုပ်ငန်းများတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံရရှိရန် လျာထားဆောင်ရွက်နေခြင်း ဖြစ်ကြောင်းသိရသည်။


ထိုသို့လျာထားဆောင်ရွက်နေမှုအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပို့ကုန် အမေရိကန် ဒေါ်လာ ၁၁၅၃၅ ဒသမ ၀၉၆ သန်းဖိုးနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၁၂၀၀၂ ဒသမ ၈၂၆ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၅၃၇ ဒသမ ၉၂၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် အဆိုပါကာလအတွင်း ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြား ပို့ကုန်များကို တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူ သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း များနှင့် CMP ကုန်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများ အရ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပဲလွမ်းဖြူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်ရရှိ



Source: ရတနာပုံသတင်းစာ

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပဲလွမ်းဖြူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲလွမ်းဖြူသည် ပြည်တွင်းဈေးကွက်ထက် ပြည်ပဈေးကွက်ကို ပိုမိုအားထား စိုက်ပျိုးနေရသည့် ပဲအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပဲလွမ်းဖြူများကို အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား နိုင်ငံများအပြင် ဥရောပနိုင်ငံများထိ တင်ပို့ရောင်းချနေရ ကြောင်းသိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲလွမ်းဖြူသည် အခြားနိုင်ငံများက တင်ပို့ရောင်းချပေးနေသည့် ပဲလွမ်းဖြူများနှင့် နှိုင်းယှဉ်ပါက ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုနည်းသဖြင့် ဥရောပဈေးကွက်က အထူးကြိုက်နှစ်သက်မှုရှိနေသောကြောင့် ဥရောပဒေသဈေးကွက်များတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ထိ ပေါက်ဈေးရရှိကြောင်း၊ ထို့ကြောင့် ပဲလွမ်းဖြူများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပဲလွမ်းဖြူတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၁၂ သန်းထိ နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ပဲလွမ်းဖြူတင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၉၆ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁၆ သန်းဖိုးတင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ယခုအခါ ပဲလွမ်းဖြူအသစ်များထွက်ရှိလာပြီး ဈေးကွက်သို့ဝင်ရောက်နေပြီဖြစ်သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ ယခင် နှစ်ထက် ဈေးနှုန်းများပိုမိုရရှိလာခဲ့ကြောင်း၊ ယခင်နှစ်က ပဲလွမ်းဖြူတစ်အိတ်လျှင် ငွေကျပ်တစ်သိန်းခန့် ပေါက်ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် ပဲလွမ်းဖြူတစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့်လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ နှမ်း၊ ကြံ၊ မြေပဲဆန်၊ ပြောင်း၊ ပိုးလုံးအိမ်(DRIED COCOON)၊ ရော်ဘာ၊ ပဲတီစိမ်း၊ ဖရဲသီးနှင့်ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၅၇၉၁၅၅၅ ဒသမ ၅ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏမှာ ၄၈၅၇၆၁၄ ဒသမ ၆၉ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၉၃၃၉၄၀ ဒသမ ၈၁ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၆ ရက်နေ့အတွင်း ကန်ပိုက်တည်နှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ လယ်ထွန်စက်၊ ဆေးဝါးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများတင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏမှာ ၄၆၃၈၅၈ ဒသမ ၃၂ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၄၇၄၂၇၀ ကန်ဒေါ်လာနှင့်ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၀၄၁၁ ဒသမ ၆၈ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကိုတွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၅၃၂၇၆၉၇ ဒသမ ၁၈ ကန်ဒေါ်လာ ပိုမိုပြီးကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်း များမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁ ဒသမ ၂၀ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုန်ဌာန**

## ပခုက္ကူသီးနှံဈေးကွက်အတွင်း ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်နေပြီး နှမ်းဈေးနှုန်း ထပ်မံမြင့်တက်နေ



https://news-eleven.com/article/241968

ပခုက္ကူသီးနှံဈေးကွက်အတွင်း ယခုဒီဇင်ဘာလ တတိယပတ်တွင် ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်နေပြီး နှမ်းဝယ်လက်များပြားသည့်အတွက် ဈေးနှုန်းထပ်မံမြင့်တက်လာကြောင်း ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

လက်ရှိတွင် ပဲစင်းငုံသီးနှံမှာ ပေါ်စဖြစ်သည့်အတွက် ကုန်ဝင်ရောက်မှုနည်းပါးနေသေးပြီး ပခုက္ကူသီးနှံဈေးကွက်တွင် တစ်တင်းလျှင် ၅၄၀၀၀ ကျပ်ပေါက်ဈေးရှိကြောင်းနှင့် ယခုလကုန်မှစ၍ ကုန်ဝင်ရောက်မှု များပြားလာမည်ဖြစ်ကြောင်း သိရသည်။

“ပဲစင်းငုံက ခုမှအစပဲရှိသေးတော့ အိတ်ရေနည်းနည်းပဲ ဝင်သေးတယ်။ ဒီလကုန်ဆိုရင် အတော်များများ သီးနှံရိတ်သိမ်းကြပါပြီ။ လကုန်ဆိုရင် တစ်ရက်ကို အိတ်ရာချီဝင်လာတော့မှာပါ။ လောလောဆယ် ဈေးကွက်လေ့လာပြီး ဝယ်နေကြတယ်။ အိန္ဒိယက အဓိကဝယ်တာဆိုတော့ သူဝယ်ရင် ဈေးကကျနိုင်ခြေနည်းပါတယ် ”ဟု ပဲစင်းငုံရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပဲစင်းငုံသီးနှံမှာ ၂၀၁၇ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုရပ်နားခဲ့သည့်အတွက် ဈေးနှုန်းကျဆင်းရာ စိုက်ပျိုးသူနည်းပါးခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်မှ ပဲစင်းငုံအား ပြန်လည်ဝယ်ယူခဲ့ခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

နှမ်းနက်စမုံထိပ်စများမှာ ဝယ်လက်များပြားသည့်အတွက် ဈေးနှုန်းထပ်မံမြင့်တက်နေပြီး ပခုက္ကူသီးနှံဈေးကွက် အတွင်း ဒီဇင်ဘာလ ၂၀ ရက်နေ့ ဈေးကွက်တွင် နှမ်းနက်စမုံရှယ်တစ်တင်း ၈၅၀၀၀-၈၇၀၀၀ ကျပ်နှင့် နှမ်းနက်ရိုးရိုးတစ်တင်း ၆၀၀၀၀-၈၄၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။

"နှမ်းက ကုန်ဝင်များတယ် ဝယ်လက်ကောင်းတယ်။ အဓိကက ရန်ကုန်သမား မန္တလေးသမားဝယ်နေတယ်။ ခုရက်ပိုင်းမှာတင် တစ်အိတ်ကို ၂၀၀၀ လောက်တက်သွားတယ်။ နှမ်းအရည်အသွေးကောင်းရင် ဈေးရတယ်။ ကာလာနည်းနည်းလျော့ရင်တော့ ဈေးရနည်းတယ်။ ပေါ်စတုန်းက ထိပ်စ ၇၈၀၀၀ ရှိတယ်။ လက်ရှိတော့ ၈၇၀၀၀ ထိ ရောင်းဝယ်ကြတယ်" ဟု ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးကပြောသည်။

ယခုနှစ်သီးနှံပေါက်ဈေးနှုန်းနှင့် အထွက်နှုန်းအရ တောင်သူများအဆင်ပြေသော်လည်း နယ်မြေမတည်ငြိမ်မှုကြောင့် လုပ်ငန်းခွင်အခက်အခဲများကြုံတွေ့နေကြောင်း ဒေသခံများထံမှသိရသည်။

**Source:** https://news-eleven.com/article/241968

## ရန်ကုန်တွင် စက်သုံးဆီဈေးများ အမြင့်တန်းမှာ ငြိမ်သက်နေပြီး ဈေးနှုန်းအနည်းငယ်သာကျဆင်း



https://news-eleven.com/article/241994

ရန်ကုန်တွင် စက်သုံးဆီဈေးများ အမြင့်တန်းမှာပင် ငြိမ်သက်နေပြီး ဈေးနှုန်းအနည်းငယ်သာ ကျဆင်းနေသည်ကို စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့် ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၁၈၈၀ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၉၅၀၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၃၂၅၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၄၀၅ ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းများမှာ ဒီဇင်ဘာ ၁၇ ရက်တွင် ဈေးများပြန်လည်ကျဆင်းလာသည်ကိုတွေ့ရပြီး ယင်းမတိုင်မီက စက်သုံးဆီဈေးနှုန်းများအရ ဒီဇယ်တစ်လီတာလျှင် ကျပ်နှစ်ထောင်ကျော်အထိ ရောက်ရှိခဲ့သည်ကိုတွေ့ရသည်။

ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်သည့် ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၁၈၉၀ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၉၇၅၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၄၂၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရသည်။
ဒီဇင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်သည့် ဈေးနှုန်းအရ 92 တစ်လီတာ ကျပ် ၁၉၃၅ ကျပ်၊ 95 တစ်လီတာ ကျပ် ၂၀၁၅၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၄၄၅၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၅၂၅ ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် အဆိုပါကော်မတီက ထုတ်ပြန်သည့် ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၁၉၂၅ ကျပ်၊ 95 တစ်လီတာ ကျပ် ၂၀၁၀၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၃၅၅၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၄၃၅ ဖြစ်ကြောင်း သိရသည်။
ဒီဇင်ဘာ ၁၄ ရက်တွင် အဆိုပါကော်မတီက ထုတ်ပြန်သည့် ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၁၉၀၀ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၉၈၅၊ ရိုးရိုးဒီဇယ်တစ်လီတာ ကျပ် ၂၂၆၅၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၂၃၄၀ ဖြစ်ကြောင်း သိရသည်။
စက်သုံးဆီဈေးမှာ ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကာ တက်ရိပ်ပြလာခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက်တွင် အဆိုပါကော်မတီက ထုတ်ပြန်သည့်ဈေးနှုန်းများအရ 92 တစ်လီတာ ကျပ် ၁၇၉၅ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၈၈၅၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၁၃၀၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၂၀၅ ဖြစ်ကြောင်း သိရသည်။
ယင်းကြောင့် စက်သုံးဆီဈေးနှုန်းများမှာ နှစ်ရက်အတွင်း 92 တစ်လီတာ ၁၃၀ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၂၅၊ ရိုးရိုးဒီဇယ် တစ်လီတာ ၂၂၅ ကျပ် နှင့် ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၃၀ မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

ဒီဇင်ဘာ ၁၀ ရက်တွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများမှာ 92 တစ်လီတာ ကျပ် ၁၈၀၅ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၈၉၅၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၁၈၅၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၂၆၀ သို့ ပြန်လည်ရောက်ရှိလာကြောင်းသိရသည်။

ဒီဇင်ဘာ ၉ ရက်တွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများမှာ 92 တစ်လီတာ ကျပ် ၁၈၃၀ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၉၂၅၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၁၂၅၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၂၀၀ သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ဒီဇင်ဘာ ၈ ရက်တွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများမှာ 92 တစ်လီတာ ကျပ် ၁၈၆၅ ကျပ်၊ 95 တစ်လီတာ ကျပ် ၁၉၆၀၊ ရိုးရိုးဒီဇယ် တစ်လီတာ ကျပ် ၂၁၉၅၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၂၇၀ သို့ ပြန်လည်ရောက်ရှိလာကြောင်း

သိရသည်။ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ အတက်၊ အကျ တည်ငြိမ်မှုမရှိကြောင်း၊ လက်ရှိ ဒီဇင်ဘာလ ဒုတိယအပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းဖြစ်သည့် 92 တစ်လီတာလျှင် ကျပ် ၁၇၀၀ နီးပါးအထိ ကျဆင်းလာခြင်းဖြစ်သည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အချို့စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ပိုမိုရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်တွေကိုစိစစ်ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ အရေးယူကြောင်းသိရသည်။

**Source:** https://news-eleven.com/article/241994

## တစ်နှစ်အတွင်း သယ်ယူပို့ဆောင်ရေးအုပ်စုကုန်ကျစရိတ် ၄၅ ရာခိုင်နှုန်းနီးပါးနှင့် အစားအစာအုပ်စု ကုန်ဈေးနှုန်း ၁၈ ရာခိုင်နှုန်းကျော်မြင့်တက်

တစ်နှစ်အတွင်း သယ်ယူပို့ဆောင်ရေးအုပ်စုကုန်ကျစရိတ် ၄၅ ရာခိုင်နှုန်းနီးပါး၊ အစားအစာအုပ်စုကုန်ဈေးနှုန်း ၁၈ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေအရ သိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လအတွက် ထုတ်ပြန်သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှု စိစစ်ချက်အရ ၂၀၂၁ ခုနှစ် ဇူလိုင်လထက် အစားအစာအုပ်စု ၁၈ ဒသမ ၆ရာခိုင်နှုန်း၊ အစားအစာမဟုတ်သော အုပ်စု ၂၁ ဒသမ ၄၃ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးအုပ်စု ၄၄ ဒသမ ၈၅ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အစားအစာအုပ်စု ၁၈၄ ဒသမ ၁၂၊ အစားအစာမဟုတ်သောအုပ်စု ၁၅၄ ဒသမ ၀၅၊ သယ်ယူပို့ဆောင်ရေးအုပ်စု ၁၂၇ ဒသမ ၃၉ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အစားအစာအုပ်စု ၂၁၈ ဒသမ ၀၅၊ အစားအစာမဟုတ်သောအုပ်စု ၁၈၇ ဒသမ ၀၇၊ သယ်ယူပို့ဆောင်ရေးအုပ်စု ၁၈၄ ဒသမ ၅၃ ရှိခဲ့သည်။

၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကိုလေ့လာပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၁၆၁ ဒသမ ၃၃ ရှိခဲ့သည်။ ဇွန်လတွင် ၁၆၀ ဒသမ ၉၈ ရှိခဲ့ပြီး ဒီဇင်ဘာလတွင် ၁၆၂ ဒသမ ၉၄ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ၁၆၂ ဒသမ ၅၃ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၁ ခုနှစ် ဇွန်လတွင် ၁၇၀ ဒသမ ၁၃၊ ဇူလိုင်လတွင် ၁၇၁ ဒသမ ၆၃၊ သြဂုတ်လတွင် ၁၇၂ ဒသမ ၉၂၊ စက်တင်ဘာလတွင် ၁၇၄ ဒသမ ၉၇၊ အောက်တိုဘာလတွင် ၁၇၉ ဒသမ ၂၀၊ နိုဝင်ဘာလတွင် ၁၈၁ ဒသမ ၇၂၊ ဒီဇင်ဘာလတွင် ၁၈၃ ဒသမ ၅၁ အထိ မြင့်တက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ၁၈၄ ဒသမ ၈၉၊ ဖေဖော်ဝါရီလတွင် တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၈၆ ဒသမ ၈၂၊ မတ်လတွင် ၁၉၂ ဒသမ ၇၁၊ ဧပြီလတွင် ၁၉၆ ဒသမ ၀၁ အထိ ရှိလာခဲ့သည်။

၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၈ ခုနှစ် ဇွန်မှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ တစ်နှစ်တာအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ် မတ်လတွင် ၁၅၀ ဒသမ ၁၃ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ၁၆၁ ဒသမ ၇၂ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှစ၍ အစားအစာအုပ်စုဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ မေတွင် ၁၆၀ ဒသမ ၁၂ ဖြစ်ပေါ်ခဲ့သည်။ ဇွန်လတွင် ၁၆၀ ဒသမ ၉၈ ဖြစ်ပေါ်ခဲ့သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ပြန်လည် မြင့်တက်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက်တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၆၆၉ ကို စစ်တမ်းကောက်ယူခဲ့ကြောင်းသိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စစ်တမ်းကောက်ယူရာတွင် ကုန်ပစ္စည်းအမျိုးအစားများမှာ အများသုံးစွဲသည့် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအမျိုးအစားပေါင်း ၄၃၈ မျိုး ပါဝင်ကြောင်းသိရသည်။ စားသုံးသူဈေးဆနှုန်းတွက်ချက်ရန်အတွက် အစားအစာအုပ်စုတွင် ကုန်ပစ္စည်း ၁၀၈ မျိုးနှင့် အစားအစာမဟုတ်သောအုပ်စုတွင် ကုန်ပစ္စည်းအမျိုးအစား ၁၆၆ မျိုးရွေးချယ်ခဲ့ပြီး စုစုပေါင်း ၂၇၄ မျိုးသို့ တိုးချဲ့

ကောက်ယူတွက်ချက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ထားမှုအရ သိရသည်။

**Source:** https://news-eleven.com/article/241979

## မြိတ်ဒေသမှ ငါးမှုန့် ၊ ငါးအသားလွှာ ၊ ရော်ဘာနှင့်ခဲသတ္တုများ တင်ပို့လျက်ရှိ

မြိတ်ဒေသမှ တစ်ဖက်ထိုင်းနိုင်ငံသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်အတွင်း အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းမှ ပရာကျွတ်ကရီခမ်သို့ ငါးအသားလွှာ (၇.၂)တန်၊ ရေကြောင်းလမ်းမှ ရနောင်းမြို့သို့ ငါးမှုန့် (၉၄၅)တန် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် မြိတ်ဒေသထွက် ရော်ဘာ(၆၀၄.၈၀) တန်ကိုလည်း မလေးရှားနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့နိုင်ခဲ့ပြီး ခဲသတ္တု (၁၆.၈)တန် မလေးရှားနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-

## ထိုင်းဈေးကွက်တွင်ဝယ်လိုအားမြင့်မားလာသည့် မြန်မာ့ကဏန်းငယ် (ခေါ်) ကဏန်းဈေးပုံး


https://www.commerce.gov.mm

ထိုင်းနိုင်ငံ၏ ရိုးရာအစားအစာများအနက် သင်္ဘောသီးထောင်းသည် နာမည်ကျော်ကြားလှသည့် အစားအစာတစ်ခုဖြစ်ပါသည်။ ပြည်တွင်းစားသုံးသူများသာမက နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသည်များပါ နှစ်သက်စွာ စားသုံးကြပါသည်။ နာမည်ကျော်ကြားပြီး လူကြိုက်များသည့် အဆိုပါ သင်္ဘောသီး ထောင်းတွင် မပါမဖြစ် ထည့်သွင်းစားသုံးကြသည့် ကဏန်းငယ်လေးများမှာလည်း ဈေးကွက်လိုအပ်ချက်မြင့်မားလာပါသည်။ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဒေသမှထွက်ရှိသည့် ကဏန်းငယ်လေးများ ဒေသအခေါ် ကဏန်းဈေးပုံးကို မော့တောင်နယ်စပ်ဒေသမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ အပတ်စဉ်တင်ပို့နေရကြောင်း တွေ့ရှိရသည်။

လက်ရှိပေါက်ဈေးအနေဖြင့် ကဏန်းဈေးပုံး 1 Kg လျှင် (၃၂) ဘတ်မှ (၃၅) ဘတ် အကြားရှိပြီး အပတ်စဉ် (၁.၅) တန်မှ (၂) တန်အကြား တင်ပို့နေရပါသည်။ တစ်ဖက်နိုင်ငံမှ ကဏန်းဈေးပုံးအပေါ် အရည်အသွေးသတ်မှတ်ချက် သီးခြား ထုတ်ပြန်ထားခြင်းမရှိကြောင်းသိရှိရပြီး အကောက်ခွန်သက်သာခွင့် (Form D) ဖြင့် တင်ပို့လျက်ရှိသည်။ ရေထွက်ကုန် တင်ပို့နေသည့် ကုန်သည်များအနေဖြင့် ဈေးကွက်လိုအပ်ချက် မြင့်မားနေသည့် ကဏန်းဈေးပုံးအား ပိုမိုတိုးမြှင့်တင်ပို့သင့် ပါကြောင်း လေ့လာတွေ့ရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-

## မြန်မာ၊ မလေးရှား၊ လာအိုနှင့်ကမ္ဘောဒီးယား နယ်စပ်ဖြတ်ကျော် ကုန်သွယ်ဂိတ်အားလုံးပြန်ဖွင့်ရန် ထိုင်းစီစဉ်

လာမယ့် ၂၀၂၃ ခုနှစ်အတွင်း နယ်စပ်ဖြတ်ကျော်စီးပွားရေးမြှင့်တင်သွားနိုင်ဖို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၄ နိုင်ငံနဲ့ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးဂိတ်အားလုံးကို ပြန်ဖွင့်ဖို့စီစဉ်နေတယ်လို့ ထိုင်းနိုင်ငံခြား ကုန်သွယ်ရေးဌာနက သတင်း ထုတ်ပြန်ပါတယ်။

နယ်စပ်ဖြတ်ကျော်ကုန်စည်သယ်ယူပို့ဆောင်မှုတွေ အဆင်ပြေချောမွေ့စေဖို့ မလေးရှား၊ လာအို၊ မြန်မာနဲ့ကမ္ဘောဒီးယား နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးဂိတ် ၉၇ ခုလုံး ပြန်ဖွင့်ဖို့ညှိနှိုင်းဆောင်ရွက်သွားမယ်လို့ ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ရွှန်နာရောင်းဖူးပီပက်က ပြောလိုက်တာပါ။

ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ လာအို၊ မြန်မာနဲ့ ကမ္ဘောဒီးယားတို့မှာ ကုန်စည်ပြပွဲတွေပြုလုပ်သွားဖို့ ရှိနေတယ်လို့လည်း သိရပါတယ်။ ကုန်စည်စီးဆင်းမှုလွယ်ကူအဆင်ပြေစေဖို့ သက်ဆိုင်ရာဥပဒေတွေကို ခေတ်နဲ့ညီဖို့လုပ်တာ၊ ပို့ကုန် တင်ပို့သူတွေရဲ့ မှတ်ပုံတင်ခြင်း၊ ပါမစ်သက်တမ်းတိုးခြင်းစတဲ့ ဌာနဆိုင်ရာဝန်ဆောင်မှုတွေကို အဆင့်မြှင့်တင်တာတွေကို လုပ်ဆောင်သွားမယ်လို့လည်း ညွှန်ကြားရေးမှူးချုပ် ရွှန်နာရောင်းဖူးပီပက်က ဆိုပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ်အတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးကနေ ထိုင်းဘတ် ၁ ထရီလျံလောက် အကျိုးအမြတ်ရခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ တရုတ်၊ စင်ကာပူနဲ့ဗီယက်နမ်တို့ဆီ ပို့ကုန်တင်ပို့သူတွေ ကတော့ သင်္ဘော၊ လေကြောင်းတင်ပို့မှုတွေကို ပိုမိုရွေးချယ်လာကြတယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံခြားကုန်သွယ်ရေးဌာနအနေနဲ့ ထိုင်းလယ်ယာထွက်ကုန်တွေကို ဈေးကွက်မြှင့်တင်ဖို့ရှိပြီးသား နိုင်ငံတကာ ဈေးကွက်တွေအပြင် ဈေးကွက်အသစ်တွေမှာပါ ပြပွဲတွေပြုလုပ်သွားဖို့ရှိပြီး အထူးသဖြင့် ထိုင်းဆန်ကို ပရိမိုးရှင်း ဆင်းသွားမှာ ဖြစ်တယ်လို့သိရပါတယ်။ ယခုနှစ်အတွင်း ထိုင်းဆန်ကို ပြည်ပတင်ပို့မှုအနေနဲ့ တန်ချိန် ၇.၅ သန်း ပစ်မှတ်ထားဆောင်ရွက်ခဲ့ ပေမဲ့ ပစ်မှတ်ကိုကျော်လွန်ပြီး တန်ချိန် ၈.၅ သန်းထိ တင်ပို့နိုင်ခဲ့တယ်လို့လည်း သိရပါတယ်။

**Ref: https://bit.ly/3Wz0n59**

**Source:** https://greenwaymyanmar.com/posts/Thailand_Border_Trade

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၂-၁၂-၂၀၂၂ မှ ၁၆-၁၂-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၂-၁၂-၂၀၂၂ မှ ၁၆-၁၂-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော အာလူးတစ်ပိဿာဈေးနှုန်းများမှာ (၁၂-၁၁-၂၀၂၂) တွင် အောင်ပန်းA1 ကျပ် ၁၇၅၀၊ အောင်ပန်း OK ကျပ် ၁၇၀၀၊ အောင်ပန်း S1 ကျပ် ၁၇၀၀၊ အောင်ပန်း S2 ကျပ် ၂၁၅၀ ၊ တရုတ်အာလူး(သဲသီး) ကျပ် ၂၃၀၀နှင့်တရုတ်(သစ်) ကျပ် ၁၆၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်(သစ်) ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း A1 ကျပ် ၅၀၊ အောင်ပန်း OK ကျပ် ၅၀၊ အောင်ပန်း S1 ကျပ် ၅၀နှင့် အောင်ပန်း S2 ကျပ် ၅၀အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၄၀ စီး ( ၂၄၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများဝင်ရောက်လျက်ရှိရာ (၁၂-၁၂-၂၀၂၂ မှ ၁၆-၁၂-၂၀၂၂ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ(တစ်ပိဿာ)ဈေးနှုန်းများမှာ ၁၂-၁၂- ၂၀၂၂ နေ့တွင် မြစ်သားရှယ် ကျပ် ၄၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၄၁၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၉၀၀၊ မြစ်သားလတ်ချော ကျပ် ၃၃၀၀၊ မြင်းခြံရှယ် ကျပ် ၃၈၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၆၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၃၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ် ကျပ် ၆၀၀၊ မြစ်သားလတ်ကြီး ကျပ် ၆၀၀၊ မြစ်သားလတ်သန့် ကျပ် ၆၀၀၊ မြစ်သားလတ်ချော ကျပ် ၆၀၀၊ မြင်းခြံ(ကံဆင့်)ရှယ် ကျပ် ၁၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၉၀၀၊ မြင်းခြံလတ်သန့် ကျပ် ၁၀၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၅၀ စီး (၉၀၀၀၀၀ ပိဿာ)ခန့် ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၂-၁၂-၂၀၂၂ မှ ၁၆-၁၂-၂၀၂၂)အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၁၂-၁၂-၂၀၂၂ ) တွင် ကြူကုတ်ရှယ် ကျပ် ၃၃၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၉၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကြက်သွန်ဖြူများဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်းကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၀၀၀ (၆၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဗဟိုဌာန**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၄-၁၂-၂၀၂၂ မှ ၁၈-၁၂-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၄-၁၁-၂၀၂၂ မှ ၁၈-၁၁-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ (၁၄-၁၁-၂၀၂၂)နေ့တွင် မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၇၅၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၀၈၀၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၈၄၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၅၀၀၀ ၊ မတ်ပဲ SQ/RC (2022 Crop)ကျပ် ၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၈၀၀၀ ဈေးကျဆင်းခဲ့ကြောင်း သိရသည်။ ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၃၀ လုံး(တန်ချိန် ၇၂၀ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ဂေရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၄-၁၁-၂၀၂၂ မှ ၁၈-၁၁-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော ဂေရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ (၁၄-၁၁-၂၀၂၂) နေ့တွင် မြွေးနီဟသ်ာတ (သစ်) AC ကျပ် ၂၁၀၀၀၊ ပန်းရဲဂေရုတ် ( သစ် ) AC ကျပ် ၂၁၀၀၀၊ မိုးထောင် (ပျော်ဘွယ်) ကျပ် ၁၆၀၀၀၊ ရှမ်းဂေရုတ်ရှည် ကျပ် ၁၇၀၀၀ နှင့် ရှမ်းစကားပွ ကျပ် ၁၈၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဂေရုတ်ဈေးများငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ဂေရုတ်ရှည်အိတ်ပေါင်း ၄၄၀၀ (၈၈၀၀၀ ပိဿာ) နှင့် ဂေရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**


ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၄-၁၀-၂၀၂၂ မှ ၁၈-၁၁-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား (တစ်ပိဿာ) ဈေးနှုန်းများမှာ (၁၄-၁၁-၂၀၂၂) နေ့တွင် တောင်သာမလိုင်(ဒိုး) ကျပ် ၃၁၀၀၊ ညောင်ဦး ဆေးရှယ် (ထန်း) ကျပ် ၃၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်းရော) ကျပ် ၂၅၅၀၊ ပခုက္ကူကြိမ်း ကျပ် ၃၄၀၀၊ ရေစကြို ထန်းလျက်( ချော) ကျပ် ၃၇၅၀၊ ကြံသကာ(စစ်) ကျပ် ၂၉၀၀၊ ပခုက္ကူကြိမ်း ကျပ် ၃၄၀၀၊ နှင့် သကြား (ပြည်တွင်း) ကျပ် ၂၅၆၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းတောင်သာမလိုင် (ဒိုး) ကျပ် ၂၅ နှင့် ပခုက္ကူ ကျပ် ၅၀ ဈေး ကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၄-၁၁-၂၀၂၂မှ ၁၈-၁၁-၂၀၂၂) အတွင်းဖြစ်ပေါ်ခဲ့သော မန်ကျည်းသီး(တစ်ပိဿာ) ဈေးနှုန်းများမှာ(၁၄-၁၁-၂၀၂၂)နေ့တွင် မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၂၂၀၀ နှင့် မန်ကျည်း အသား(သစ်) ကျပ် ၃၇၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းမန်ကျည်းဈေးမှာငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးဦးစီးဌာန**

## STOCK EXCHANGE (21.12.2022)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 21st Dec. 2022

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,257 (Shares) | 108,500,550 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,900 | 9,000 | 8,900 | 505 | 4,495,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 1,026 | 3,334,750 | 38,929,150 | 128,466 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,700 | 7,700 | 7,600 | 57 | 433,400 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 63 | 1,197,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 4 | 10,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 100 | 270,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 2 | 10,000 | 10,497,598 | 52,488 |


## Market summary

As of 21st Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.92 | +1.69 | +0.43% | 394.93 | 397.92 | 394.93 | 1,757 | 9,750,550 | 7 | 692,237 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Dec. 2022

| Trading Volume | Trading Value |
|---|---|
| 14,257 (Shares) | 108,500,550 (MMK) |

## Main Board

As of 1:00 pm, 21st Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,257 (Shares) | 108,500,550 (MMK) |

| MYANPIX | 397.92 ▲ 1.69 |
|---|---|
| Total Volume (shares) | 1,757 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 692,237 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |